## အိန္ဒိယကုန်သည်များက စားသုံးသူများအား ပဲစဉ်းငုံ အစား တခြားပဲအမျိုးအစားများအား ပြောင်းလဲစားသုံးစေလို

အိန္ဒိယကုန်သည်များက စားသုံးသူများအား ပဲစဉ်းငုံ၏ ဈေးနှုန်းကြီးမြင့်မှုကြောင့် တခြားသော ပဲအမျိုးအစားများဖြစ်သည့် ပဲနီလေး၊ ပဲတီစိမ်း၊ ကုလားပဲ နှင့် စားတော်ပဲ တို့ကို အစားထိုးစားသုံးစေလိုကြောင်း၊ စားသုံးသူရေးရာ ဝန်ကြီးဌာန၏ အချက်အလက်များအရ ဒေလီမြို့တွင် ပဲစဉ်းငုံခွဲခြမ်း၏ လက်လီဈေးနှုန်းမှာ ယခင်နှစ်ထက် ၂၇ ရာခိုင်နှုန်း မြင့်တက်လာပြီး ပြီးခဲ့သည့် ၆ လ အတွင်း ၁၀ ရာခိုင်နှုန်း ဈေးနှုန်း မြင့်တက်လာကြောင်း၊ ဒေလီမြို့ရှိ လတ်တလောဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၁၃၂ ရူပီး အထိရှိပြီး ပျမ်းမျှ ဈေးနှုန်းမှာ ၁ ကီလိုလျှင် ၁၁၉ ရူပီး ဖြစ်ပါကြောင်း၊ ဒေလီမြို့တွင် ပဲစဉ်းငုံ လက်လီဈေးနှုန်း မြင့်တက်လာမှုမှာ ပြီးခဲ့သည့် ၅ နှစ်တာ ကာလအတွင်း ၆၀ ရာခိုင်နှုန်း နီးပါး ရှိလာကြောင်း၊ ဝယ်လိုအား ရှိသလောက် ထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် ပဲခွဲခြမ်း လက်ကားရောင်း ချမှုမှာလည်း ၆၀ ရာခိုင်နှုန်းနီးပါးအထိ မြင့်တက်လျက်ရှိကြောင်း Economic Times သတင်းစာက ဖော်ပြထားပါသည်။

၂၀၂၂ -၂၀၂၃ ခုနှစ် ရာသီချိန်အတွင်း အိန္ဒိယနိုင်ငံ၏ ပဲစဉ်းငုံ ထုတ်လုပ်မှုမှာ ပြီးခဲ့သည့် နှစ်ထက် ၁၄ ရာခိုင်နှုန်း လျော့နည်းနိုင်ကြောင်း အိန္ဒိယ အစိုးရက ခန့်မှန်းထားပြီး၊ စိုက်ပျိုးရေး ကျွမ်းကျင်သူများကမူ ၂၀ ရာခိုင်နှုန်းအထက် ကျဆင်းနိုင်သည် ဟု ခန့်မှန်းထားပါကြောင်း၊ ဝယ်လိုအားကို ထုတ်လုပ်မှုက မမီနိုင်သည့်အတွက် စားသုံးသူများ၏ နှစ်သက်မှုကို ပြောင်းလဲခြင်းအားဖြင့် ပဲစဉ်းငုံ ဝယ်လိုအားကို လျော့ချနိုင်မည်ဟု ပဲစဉ်းငုံ ကုန်သည်များက ယူဆလျက်ရှိပါကြောင်း၊ အိန္ဒိယ ပဲမျိုးစုံနှင့် နှံစားသီးနှံ အသင်း ( The Indian Pulses and Grains Association - IPGA) က အစားအစာနှင့် ပြည်သူ့ ဖြန့်ဖြူး ရောင်းချရေးဌာနနှင့် ပူးပေါင်း၍ ပဲစဉ်းငုံအစား ပဲနီလေး၊ ပဲတီစိမ်း၊ ကုလားပဲ နှင့် စားတော်ပဲ စသည့်ပဲများကို စားသုံးမှုမြှင့်တင်ရန် စည်းရုံး လှုံ့ဆော်လျှက်ရှိကြောင်း လည်း ဖော်ပြထားပါသည်။

Agmarknet တွင် ဖော်ပြထားသည့်အချက်အလက်များအရ Maharashtra ပြည်နယ်၊ Latur လက်ကားဈေးတွင် ပြုပြင်ထားခြင်းမရှိသည့် ပဲစဉ်းငုံ၏ ပျှမ်းမျှဈေးနှုန်းမှာ ပြီးခဲ့သည့် နှစ် ယခုအချိန်တွင် ၁ ကီလိုဂရမ်လျှင် ၆၀ ရူပီး သာရှိခဲ့ရာမှ ယခုအခါ ၁ ကီလို ဂရမ်လျှင် ၉၀ ရူပီးအထိ ဈေးနှုန်းမြင့်တက်လာပါကြောင်းနှင့် သီးနှံအသစ်များ ရိတ်သိမ်း

သည့် ပြီးခဲ့သည့် ဇန်နဝါရီလမှ စတင်၍ ၄ လအတွင်း ဈေးနှုန်းမှာ ၂၄ ရာခိုင်နှုန်း အထိ မြင့်တက်လာခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

ပဲစဉ်းငုံဝယ်လိုအားက ပုံမှန်အတိုင်းရှိနေသော်လည်း ပဲစဉ်းငုံထုတ်လုပ်မှုက သိသိသာသာ ကျဆင်းခဲ့ပါကြောင်း၊ ဗဟိုအစိုးရနှင့် တွေ့ဆုံသည့် အချိန်၌ ပဲစဉ်းငုံကဲ့သို့ အခြားသောပဲအမျိုးအစားများသည်လည်း ပရိုတင်း တူညီစွာပါဝင်မှုရှိကြောင်း ပြည်သူများအား လှုံ့ဆော်စည်းရုံးရန် အသင့်ရှိသည်ဟု တင်ပြထားခဲ့ကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားအကြား ကွာဟချက်ကို ပြည်ပမှတင်သွင်းခြင်း နည်းလမ်းတစ်ခုတည်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် မဖြစ်နိုင်ပါကြောင်း၊ အိန္ဒိယနိုင်ငံအပြင် ပဲစဉ်းငုံ ရရှိနိုင်သည့် နိုင်ငံမှာ မြန်မာနိုင်ငံနှင့် အာဖရိကအရှေ့ပိုင်းနိုင်ငံတစ်ချို့သာ ရှိပါကြောင်းနှင့် စားသုံးသူများအနေဖြင့် ဈေးနှုန်းသက်သာသည့် ပဲနီလေး၊ ပဲတီစိမ်း၊ ကုလားပဲ နှင့် စားတော်ပဲ တို့ကိုလည်း ရွေးချယ် စားသုံးနိုင်သည် ဟု IPGA ဥက္ကဋ္ဌ ဖြစ်သူ Bimal Kothari က ပြောကြားထားကြောင်း India Times သတင်းစာက ဖော်ပြထားပါသည်။

၂၀၁၀ ပြည့်နှစ်တွင် အမျိုးသား စိုက်ပျိုးရေး ဈေးကွက်ရှာဖွေမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (National Agricultural Cooperative Marketing Federation of India - Nafed) ကလည်း ပြည်တွင်းထုတ်လုပ်သည့် ပဲမျိုးစုံ၏ ဈေးနှုန်းများ ကြီးမြင့်မှုကြောင့် ပြည်ပမှ တင်သွင်းသည့် ပဲနီလေးကို အဓိကအစားအစာအဖြစ် မြှင့်တင် စည်းရုံးလှုံ့ဆော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ ကုလားပဲနှင့်ရော၍ ပဲမှုန့် ပြုလုပ်ရန် ပဲနီလေးကို တင်သွင်းခဲ့ပါကြောင်း၊ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရအနေဖြင့် လူမှုဘဝဖူလုံရေး အစီအစဉ်အတွက် ပဲစဉ်းငုံကို ပြည်ပမှ တင်သွင်းနေခြင်းကို ရပ်ဆိုင်းသင့်ပါကြောင်းနှင့် ယင်းအစား ဈေးနှုန်းသက်သာပြီး ပေါများစွာ ရရှိနိုင်သည့် ပဲအမျိုးအစားများကို လူမှုဘဝဖူလုံရေးအစီအစဉ်အနေဖြင့် အသုံးပြုသင့်သည်ဟု IPGA ဥက္ကဋ္ဌ က အကြံပြုထားကြောင်းလည်း သိရှိရပါသည်။

အိန္ဒိယသို့ ပဲစဉ်းငုံ အဓိက ရောင်းချသည့် အာဖရိက နိုင်ငံများတွင်လည်း ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ၂၅ ရာခိုင်နှုန်းမြင့်တက်လျက်ရှိသည်ဟု Mayur Global Corporation ၏ ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ Harsha Rai က ပြောကြားထားပါကြောင်း၊ အိန္ဒိယသို့ တင်ပို့ရန်စိုက်ပျိုးသည့် အာဖရိက ပဲစဉ်းငုံများမှာ ဇူလိုင်လနှင့် ဩဂုတ်လတွင် သီးနှံရိတ်သိမ်းမည်ဖြစ်သဖြင့် ဩဂုတ်လမှ နိုဝင်ဘာလ ပွဲတော်ရာသီချိန်အတွင်း ပဲစဉ်းငုံ

ရှားပါးမှုနှင့် ကြုံတွေ့နိုင်သည့်အချိန်တွင် ပဲစဉ်းငုံဈေးကို ထိန်းချုပ်နိုင်ရန် အရေးကြီးပါကြောင်း၊ သို့ရာတွင် ပြီးခဲ့သည့် အပတ်က အိန္ဒိယနိုင်ငံ၏ ဈေးကွက်အတွင်း ပဲစဉ်းငုံဈေးနှုန်းများ မြင့်တက်ခဲ့သည့်အတွက် အာဖရိကနိုင်ငံများမှ ပဲစဉ်းငုံ အရောင်းအဝယ်စာချုပ်များကို ရပ်နားထားပါကြောင်း၊ တင်သွင်းသူများအနေဖြင့် ပဲစဉ်းငုံရိတ်သိမ်းချိန်အထိ စောင့်ရန် ဆန္ဒရှိပါကြောင်းနှင့် ပဲစဉ်းငုံအသစ်များ ဝင်ရောက်လာပါက ဈေးနှုန်းအနည်းငယ် ကျဆင်းသွားနိုင်သည်ဟု Harsha Rai ကပြောကြားထားကြောင်းလည်း ဖော်ပြထားပါသည်။

အိန္ဒိယ အစိုးရက မြန်မာနိုင်ငံရှိကုန်သည်များကို ပဲစဉ်းငုံနှင့် မတ်ပဲများ သိုလှောင်သိမ်းဆည်းထားခြင်းမရှိရန် သတိပေးထားပြီးဖြစ်ပါကြောင်း၊ မြန်မာကုန်သည်များအနေဖြင့် ပဲများကို ရောင်းချခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားပါက အစိုးရအချင်းချင်း ဝယ်ယူမှုအစီအစဉ်များဆောင်ရွက်သွားမည်ဟု ပြောကြားထားကြောင်းလည်း India Times သတင်းစာ က ဖော်ပြထားပါသည်။

Source : Why Traders want you to shun Tur dal and eat other pulses, The Economic Times, 21 May 2023

(စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)